# AROMA

ဝိ ညာဉ် ရေး ထု စာ စောင်

Calvary Burmese Church, 755, 8th Street, NW Washington DC 20001, Tel; (202) 347-8355,   www.geocities.com/aromadc;  www.cbc-dc.com

April 2008 အတွဲ ၅၊ အမှတ် ၄။   ကရာနီမြန်မာအသင်းတော်(ဝါရှင်တန်ဒီစီ)ဓမ္မဝေလီနှင့်သာသနာပြုဌါနမှထုတ်ဝေသည်။

ခရစ်တော်သည်ငါတို့ကိုချစ်တော်မူသောအားဖြင့်၊ ဘုရားသခင့်ရှေ့တော်၌မွှေးကြိုင်သောအနံ့ရှိစေခြင်းငှါ၊ ကိုယ်ကိုကိုယ်ဆက်ကပ်၍ယဇ်ပူဇော်လျက်၊ ငါတို့အတွက်စွန့်တော်မူသည်နည်းတူ၊
သင်တို့သည်မေတ္တာတရား၌ကျင်လည်ကြလော့။ (ဧဖက် ၅း၂)

## ယခုလဖတ်စရာ


– အာဗေလ (ဘုရားသခင်၏လူ)
– အသိသင့်ဆုံးအရာ/ပျောက်နေလား
– ယုံကြည်ခြင်း
– စံထားလောက်သူ
– ရတနာညချမ်း


## ဝိညာဉ်ရေးအကြံပေး

သိက္ခာတော်ရဆရာစောလယ်ထူး

## အယ်ဒီတာအဖွဲ့

ဦးကမ် (**ထုတ်ဝေရေး**)
**ukamaroma@gmail.com**
သောင်းနိုး (**ကွန်ပြူတာစာတည်း**)
**thawngnoaroma@gmail.com**

## ကွန်ပြူတာစာစီ

မတင်လေးခိုင်(နယူးယောက်)
မစိမ်းလဲ့ခိုင်(နယူးယောက်)

## ဆက်သွယ်ရန်လိပ်စာ

3401 Sudlersville South
Laurel, MD 20724
thawngnoaroma@gmail.com
Tel: 301-776-6820

# အာဗေလ (ဘုရားသခင်၏လူ)

**ဇော်သူလင်း**

အာဗေလဟူသောနာမည်၏အဓိပ္ပါယ်မှာ အချည်းနှီး (သို့) အနှစ် သာရကင်းခြင်း (Vanity)ဖြစ်ပါသည်။ အာဗေလသည် လူ့ရှေ့မှာ ဘာမှမဟုတ်သောသူ အလကားလူဟုထင်ရသော်လည်း အမှန်စင်စစ် အာဗေလသည် ဘုရားသခင်၏လူ ဖြစ်ပါသည်။ ကမ္ဘာ ၄း၁–၅ ကို ဖတ်ကြည့်သောအခါ ကာဣနကို ဘုရားသခင် ငြင်းပယ်ပြီး၊ အာဗေလကို ဘုရားသခင်က လက်ခံကြောင်း တွေ့ရပါသည်။




စာရေးသူဖတ်ဘူးသော စာအုပ်တစ်အုပ်တွင် ဘုရားသခင်သည် အသီးအနှံနှင့် လာရောက်ပူဇော်သော ကာဣနကိုငြင်းပယ်ပြီး၊ သိုး (အသား) နှင့် လာပူဇော်သော အာဗေလ ကိုလက်ခံကြောင်း၊ ထို့ကြောင့် ထာဝရဘုရားသည် အသားကြိုက်သောဘုရားဖြစ်ကြောင်း ပုတ်ခတ်ရေးသားထားသည်ကို ငယ်စဉ်ကဖတ်ဘူးပါသည်။

အကယ်စင်စစ် ထိုသို့မဟုတ်ပါ။ သမ္မာကျမ်းစာတွင် ဓမ္မဟောင်း ဖော်ပြချက်များသည် ဓမ္မသစ်မှာပြည့်စုံကြောင်းတွေ့ရပါသည်။ ဓမ္မဟောင်း နှင့် ဓမ္မသစ်ညီညွတ်မှုကိုသိပါမှ သမ္မာကျမ်းစာကို မှန်ကန်ရှင်းလင်းစွာ သဘောပေါက်နိုင်ပါသည်။

အာဗေလကို ဘုရားသခင် အဘယ် ကြောင့် လက်ခံသည်ကို ဓမ္မသစ်ကျမ်းစာ မှ ဖော်ပြထားပါသည်။

**......ဘာသာရေးသမားတွေဟာ ကြိုးစားသူတွေ ဖြစ်ပါတယ်၊**
**ဘုရားသခင်၏လူဆိုတာ ယုံကြည်သူတွေ ဖြစ်ပါတယ်၊ ......**

**“အာဗေလသည် ကာဣန ပူဇော်သောယဇ်ထက် သာ၍မြတ်သော ယဇ်ကိုယုံကြည်ခြင်းအားဖြင့် ဘုရားသခင်အားပူဇော်၏” (ဟေဗြဲ ၁၁:၄)**

အာဗေလ၏သိုးကြောင့်ဟု မဖော်ပြပါ။ အာဗေလ၏ ယုံကြည်ခြင်း ဟုသာ ဖော်ပြပါသည်။ ဘုရားသခင်သည် အသားကြိုက်သည်ဟု ယူဆသူများမှာ ကမ္ဘာ (၄) ကိုသာဖတ်ပြီး ရှေ့ဆက်မဖတ်သူများ ဖြစ်ပါလိမ့်မည်။

**အာဗေလ၏လက်ထဲမှာ ပါလာသောသိုးကြောင့် ဘုရားသခင်က လက်ခံခြင်းမဟုတ်ပါ။**

**အာဗေလ၏ရင်ထဲက ယုံကြည်ခြင်းကြောင့် ဘုရားသခင်က လက်ခံခြင်းဖြစ်ပါသည်။**

**အာဗေလကိုဘုရားသခင်က လက်ခံသောကြောင့် အာဗေလသည် ဘုရားသခင်၏လူဖြစ်ပါသည်။**

ကာဣနနှင့် အာဗေလ (၂) ယောက်လုံး ပူဇော်သက္ကာ ကိုယ်စီဖြင့် ဘုရားသခင်ထံလာသော်လည်း အတွင်းသဘောမှာ ကွာပါသည်။ လူက အဆင်းသဏ္ဍာန် (အပြင်) ကိုကြည့်သော်လည်း၊ ဘုရားသခင်က အတွင်းသဏ္ဍာန် (အတွင်း) ကိုကြည့်ကြောင်း နားလည်ရပါသည် (၁ ရာ ၁၆:၇)။

ဘုရားသခင်၏လူဟုတ်၊ မဟုတ် အပေါ်ယံကိုကြည့်၍ ဆုံးဖြတ်လို့ မရကြောင်း နားလည်ရပါသည်။ အာဗေလ၏ လက်ထဲမှာ ကျွန်တော်တို့ မျက်စိဖြင့် မြင်ရသော သိုးပါလာသော်လည်း အာဗေလ ၏ ရင်ထဲမှာ ကျွန်တော်တို့မျက်စိဖြင့် မမြင်ရသော ယုံကြည်ခြင်းပါ ပါသည်။

မျက်စိနှင့်မြင်ရသောအရာနှင့် မျက်စိဖြင့် မမြင်ရသောအရာ . . . ဘုရားသခင်က မျက်စိဖြင့် မမြင်ရသောအရာကို စိတ်ဝင်စားပါသည်။

အဘယ်ကြောင့်နည်း ?

ဘုရားသခင်သည် မျက်စိဖြင့် မမြင်ရသောဘုရား ဖြစ်ပါသည်။ **“ဘုရားသခင်သည် နာမ်ဝိညာဉ်ဖြစ်တော်မူ၏” (ယော ၄:၂၄)။**

**မျက်စိဖြင့်မမြင်ရသော ဘုရားသည် မျက်စိဖြင့် မမြင်ရသောအရာ (ယုံကြည်ခြင်း) ကိုစိတ်ဝင်စားပါသည်။**

ဘုရားသခင်သည် အဘယ်ကြောင့် မျက်စိဖြင့် မမြင်ရသော ဘုရားဖြစ်ပါသနည်း?

**“အကြောင်းမူကား မျက်မှောက်၌ ထင်ရှားသော အရာတို့သည် ခဏသာတည်၍ မထင်ရှားသောအရာတို့သည် အစဉ်အမြဲတည်ကြောင်းကို ငါတို့သည် ထောက်လျှက်” (၂ကော ၄:၁၇-၁၈)။**

မျက်စိဖြင့်မြင်ရသောအရာသည် ခဏသာတည်ကြောင်း ဖော်ပြပြီး၊ မျက်စိဖြင့်မမြင်ရသောအရာတို့သည် ထာဝရတည်ကြောင်းကို သမ္မာကျမ်းစာမှဖော်ပြပါသည်။

ကျွန်တော်တို့ကိုးကွယ်သော ဘုရားသခင်သည် ထာဝရဘုရား ဖြစ်သောကြောင့် မျက်စိဖြင့်မြင်ရသောပုံသဏ္ဍာန်ထဲမှာမရှိပါ။ (ရုပ်ပုံသဏ္ဍာန်နှင့် ရှိနေခြင်းများသည် သင်္ခါရဘုရားဖြစ်ပါသည်။ ထာဝရဘုရားမဟုတ်ပါ)။

ချစ်စွာသောမိတ်ဆွေ ကျွန်ုပ်တို့ အသက်တာထဲမှာပင် စဉ်းစားကြည့်။ လူမှာ မျက်စိဖြင့်မြင်ရသောခန္ဓာပိုင်း (ရုပ်) နှင့် မျက်စိဖြင့်မမြင်ရသော ဝိညာဉ်ပိုင်း (နာမ်) ဟုရှိရာ ရုပ်ခန္ဓာသည် တစ်နေ့သေခြင်းဖြင့်ပျက်စီးရ မည်ဖြစ်ပါသည်။ ခန္ဓာ (ရုပ်) ပျက်စီးသော်လည်း အသက်ဝိညာဉ် (နာမ်) က ရှေ့ခရီးဆက်ကြောင်း ဘာသာတရား တိုင်းကဖော်ပြပါသည်။

လူမှာပင်မျက်စိဖြင့်မြင်ရသော ခန္ဓာ (ရုပ်)က သင်္ခါရ သဘောကို ဆောင်ပြီး၊ မျက်စိဖြင့်မမြင်ရသောဝိညာဉ် (နာမ်) က ထာဝရသဘောကို ဆောင်ပါသည်။

**ထို့ကြောင့် ထာဝရဝိညာဉ်ကို ထာဝရ ငရဲမှကယ်တင်ဖို့ရန် ယနေ့ ကျွန်ုပ်တို့ကိုးကွယ်သောဘုရားသည် ထာဝရဘုရားဖြစ်ရပါလိမ့်မည်။** ထို့ကြောင့် ထာဝရဘုရားသည် မျက်စိဖြင့် မြင်ရသော ပုံသဏ္ဍာန်ထဲမှာ မရှိပါ။ ရှိလျှင် ထာဝရဘုရားမဟုတ်ပါ။ ထာဝရဘုရား မဟုတ်လျှင် ကျွန်ုပ်တို့ကို ထာဝရငရဲမှ မကယ်တင်နိုင်ပါ။

**မိတ်ဆွေ သင်မည်သို့သော ဘုရားမျိုးကို ကိုးကွယ်နေပါသနည်း?**

ကျွန်ုပ်တို့ကိုထာဝရငရဲမှ ကယ်တင်မည့် ဘုရားသခင်သည် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များကို စိတ်မဝင်စားပါ။ (ကောင်းမှုကုသိုလ်၊ အကျင့်သီလ၊ ပညတ်တရားကို စောင့်ထိမ်းခြင်း၊ အလှူငွေပေးခြင်း၊ ဗတ္တိဇံခံခြင်း၊ ပွဲတော်စားခြင်း) ဘယ်သူဘာပဲလုပ်လုပ် ဘုရားသခင် စိတ်မဝင်စားပါ။ တနည်းအားဖြင့် အပြစ်သားလူ၏ လုပ်ဆောင်ချက်များကို ဘုရားသခင်စိတ်မဝင်စားပါ။ ဘုရားသခင်က ယုံကြည်ခြင်းကိုသာ စိတ်ဝင်စားပါသည်။

ဘုရားသခင်သည် လူထံမှ ယုံကြည်ခြင်းကိုစိတ်ဝင်စားရခြင်း၏ နောက် အကြောင်းအရင်းတစ်ခုမှာ လူသည် မယုံကြည်ခဲ့သောကြောင့် ဖြစ်ပါသည်။




ဘုရားသခင်က လူကို ကောင်း၊ မကောင်း သိကျွမ်းရာအပင်မှ အသီးကို

မစားရန်၊ စားသောနေ့မှာ သေမည် (ဘုရားသခင်နှင့် အဆက်ပြတ်မည်) ဖြစ်ကြောင်း တိတိကျကျ မိန့်တော်မူပါသည်။

**“ထိုအပင်၏အသီးကိုကား မစားရ၊ စားသောနေ့တွင် ဧကန် အမှန်သေရမည်ဟု လူကိုပညတ်ထားတော်မူ၏” (ကမ္ဘာ ၂း၁၇)။**

သို့သော် စာတန်က ဘုရားစကားနှင့် ဆန့်ကျင်ဘက်သာ ပြောပါသည်။ “မြွေကလည်း သင်တို့သည် ဧကန်အမှန် သေရမည်မဟုတ်” (ကမ္ဘာ း၄)။

လူသည် မည်သူ့စကား “ယုံကြည်” ၍ မည်သူပြောသည့် အတိုင်းလုပ်ပါသနည်း။

လူသည် စာတန်ကို “ယုံကြည်” ၍ စာတန်ပြောသည့်အတိုင်း လုပ်ပါသည်။ ထို့ကြောင့် လူသည် ဘုရားသခင်ကို မယုံကြည်ခဲ့ပါ။

**“မယုံကြည်ခြင်းက အပြစ်ဖြစ်ပါသည်”(ရော ၁၄း၂၃)။**

**“မယုံကြည်ခြင်းကြောင့် လူနှင့် ဘုရားသခင် ဝေးခဲ့ရပါသည်။”**

လူသည် ဘုရားသခင်နှင့် ဝေးကွာရသည့်အကြောင်းရင်း၊ လူသည် အပြစ်သားဖြစ်ရသည့်အကြောင်းရင်း၊ ဖန်ဆင်းရှင် ဘုရားသခင်နှင့် လူကွဲကွာရသည့် အကြောင်းရင်းမှာ –

“မယုံကြည်ခြင်း” ဖြစ်ပါသည်။ ထို့ကြောင့် –

- **လူနှင့်ဘုရားသခင် ပြန်လည် ပေါင်းစည်းရန်**
- **အပြစ်သားဘဝမှ ဘုရားသား ပြန်ဖြစ်ရန်**
- **လူနှင့်ဘုရားသခင် ပြန်ဆက်သွယ်ရန် . . .**

ဘုရားသခင်က “ယုံကြည်ခြင်း” ကို အလိုရှိပါသည်။ ဘုရားသခင်က ယုံကြည်ခြင်းကို အလိုရှိသော်လည်း လူသည် အစကပင် မယုံကြည်ခဲ့သောကြောင့် လူထံတွင် ယုံကြည်ခြင်းမရှိပါ။ လူသည် ပါးစပ်ကနေ ယုံပါတယ်ဟု ပြောနိုင်၊ ဝန်ခံနိုင်သော်လည်း ဘုရားသခင်လိုချင်သည့် စစ်မှန်သော ယုံကြည်ခြင်းသည် လူဆီမှာ မရှိပါ။

ထို့ကြောင့် ယနေ့လူအချို့ ပြောနေကြသည့် မွေးကတည်းက ယုံလာတာပါ။ ငယ်စဉ်ကပင် ယုံကြည်ခဲ့ပါသည်။ နှစ်ခြင်းခံစဉ် သင်းအုပ် ဆရာကမေးသောအခါ ယုံကြည်ပါသည်ဟုပြောခဲ့ခြင်းများ အားလုံးမှာ အမှားတွေသာဖြစ်ပါသည်။ မယုံကြည်ခဲ့သော အာဒံမှဆင်းသက်လာသော လူဆီမှာ ယုံကြည်ခြင်းမရှိပါ။ လူဆီမှာ ရှိသောအရာမှာ အထင်သာ ဖြစ်ပါသည်။ လူအထင်နှင့် ကယ်တင်ခြင်းသို့ မရောက်နိုင်ပါ။

**“လူထင်သည်အတိုင်း မှန်သောလက္ခဏာ ရှိသော်လည်း အဆုံး၌ သေခြင်းသို့ပို့သောလမ်းတမျိုးရှိ၏” (သု ၁၄း၁၂)။**

သမ္မာကျမ်းစာမှ သတိပေးပါသည်။ လူအထင်သည် သေခြင်းသို့ ပို့သောလမ်းဖြစ်ပါသည်။

ကာဣနက ဘုရားသခင်ထံ သူကောင်းမယ်ထင်သောအရာနှင့် သွားပါသည်။

အာဗေလက ယုံကြည်ခြင်းနှင့် သွားပါသည်။

ဘုရားသခင်အလိုရှိသော ယုံကြည်ခြင်းသည် လူ့အတွင်းထဲက ထွက်လာခြင်း မဟုတ်ပါ။

လူသည် ဘုရားသခင်ထံသို့ ဝင်ရောက်နိုင်ဖို့ရန်၊ ဘုရားသခင်က အပြစ်သားလူကိုလက်ခံဖို့ရန် တစ်ခုတည်းသော လိုအပ်ချက်မှာ ယုံကြည်ခြင်းဖြစ်ပါသည်။

**“ယုံကြည်ခြင်းမရှိလျှင် ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်” (ဟေ ၁၁း၆) ထိုယုံကြည်ခြင်းကို သင်သည် နှုတ်ကပါတ်တော်ကြားနာခြင်း အားဖြင့်သာ ရရှိနိုင်ပါသည်။**

ယုံကြည်ခြင်းသည် ကြားနာခြင်း အားဖြင့်ဖြစ်၏။ ကြားနာခြင်း သည်လည်း ဘုရားသခင်၏စကားတော်အားဖြင့်ဖြစ်၏။ (ရော ၁၀း၁၇)။

ယုံကြည်ခြင်းဆိုသည်မှာ အလိုလျောက်ဖြစ်ပေါ်လာသော အရာ မဟုတ်ဘဲ၊ ဘုရားစကားကိုကြားနာခြင်းဖြင့်သာ ဖြစ်ပေါ်လာပါသည်။

စစ်မှန်သောယုံကြည်ခြင်းဖြစ်ဖို့ရန် မိတ်ဆွေရဲ့ အသက်တာမှာ သမ္မာတရား (ဘုရားစကား) ကို ကြားနာဖို့လိုပါသည်။

**“သင်၌လည်း တည်သောယုံကြည်ခြင်းစစ်ကို မှတ်မိသဖြင့်ရှင်း” (၂ တိ ၁း၅)** ရှင်ပေါလုက တိမောသေ ထံစာရေးရာမှာ စစ်မှန်သော ယုံကြည်ခြင်း (ယုံကြည်ခြင်းစစ်)ဟု ရေးသားထားသောကြောင့် ယုံကြည်ခြင်း အတုလည်း ရှိနိုင်ကြောင်း နားလည်ရပါသည်။ ထို့ကြောင့် ရှင်ပေါလုက သမ္မာကျမ်းစာမှာ သတိပေးပါသည်။

**မိတ်ဆွေ အသက်တာမှာ နှုတ်ကပါတ်တော်အားဖြင့် စစ်မှန် သောယုံကြည်ခြင်းဖြစ်ပါစေ . . .**

ယုံကြည်ခြင်းဆိုသည့် အကြောင်းအရာမှာ မေးခွန်းတွေနဲ့ သိစရာတွေရှိပါသည်။

**(၁) ဘယ်သူ့ကိုယုံတာလဲ ?**

လူအသီးသီးမှာ သူတို့ယုံကြည် နေတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်။ ဒါကြောင့် သင် ဘယ်သူ့ကိုယုံတယ်ဆိုတာ တိတိ ကျကျ ကွဲကွဲပြားပြား ပြောဖို့လိုပါတယ်။ သင့်ကို အပေါ်က မေးခွန်းမေးလာရင် ဘယ်လိုပြောမလဲ . . .

**ဖြေ–သခင်ယေရှုကိုယုံကြည်ပါတယ်။**

**(၂) ဘာကြောင့်ယုံတာလဲ ?**

လူတစ်ယောက်ယောက်ကို ယုံတယ်လို့ပြောတဲ့အခါ သူ့ကို ဘာကြောင့်ယုံတာလဲဆိုတဲ့ မေးခွန်းရှိပါတယ်။ မိတ်ဆွေ သခင်ယေရှုကို ဘာကြောင့်ယုံတာလဲ?

စာရေးသူကို တချို့က မင်းဟာငယ်စဉ်က ဗုဒ္ဓဘာသာပဲ၊ ခုမှ ဘာကြောင့် သခင်ယေရှုကို ယုံကြည်သွားတာလဲ လို့ မေးပါတယ်။

**ဖြေ – သခင်ယေရှုဟာ ကျွန်တော် (ဇော်သူလင်း) ရဲ့ အပြစ်ကြွေးတွေကိုဆပ်ပေးလို့ဖြစ်ပါတယ်။**

သခင်ယေရှုဟာ ထမင်းကျွေးလို့ယုံတာ မဟုတ်ပါဘူး။

သခင်ယေရှုဟာ ကောင်းကြီးပေးလို့ ယုံတာ မဟုတ်ပါဘူး။

သခင်ယေရှုဟာ အနာရောဂါပေး ပျောက်လို့ ယုံတာ မဟုတ်ပါဘူး။

ဒီအရာတွေထက် သာ၍လေးနက်ပါတယ်။ သခင်ယေရှုဟာ ကျွန်တော် (ဇော်သူလင်း) အပြစ်ကြွေးတွေ ကားတိုင်မှာဆပ်ပေးပြီး၊ အပါယ်ငရဲက ကယ်တင်သောကြောင့် ဖြစ်ပါတယ်။ **သခင်ယေရှုမှလွဲ၍ လူတွေရဲ့အပြစ်ကြွေးကို ဆပ်ပေးပြီး အပါယ်ငရဲမှကယ်တင်သော အခြားဘုရားလည်းမရှိပါ။**

**(၃) ဘယ်လိုယုံတာလဲ ?**

လူတစ်ယောက်ကို ယုံတယ်လို့ ပြောတဲ့အခါ လုံးလုံး ယုံတာလား၊ တချို့ကိစ္စတွေမှာပဲ ယုံတာလား စသဖြင့် ကွာဟမှုရှိပါတယ်။ တချို့က ပါးစပ်ကတော့ ယုံတယ်ပြောပြီး စိတ်နှလုံးက မပါတာလည်းရှိတတ်ပါတယ်။ ဒါကြောင့် မိတ်ဆွေ သခင်ယေရှုကို ဘယ်လိုယုံတာလဲ ?

**ဖြေ – စိတ်နှလုံးအကြွင်းမဲ့ မိမိရဲ့ ကယ်တင်ရှင်ဘုရား အဖြစ်ယုံကြည်ပါတယ်။**

ပါးစပ်နဲ့ယုံတယ်လို့ ပြောရုံမဟုတ်ပါဘူး။ စိတ်နှလုံး အကြွင်းမဲ့ ဆိုတာ သခင် ယေရှုလက်ဝါးကပ်တိုင်မှာ အပြစ်ကြွေး ဆပ်ပေးခြင်းကို လုံးလုံးသဘောတူ တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အပြစ် အားလုံးကို သခင်ယေရှုက လက်ဝါးကပ် တိုင်မှာ ဆပ်ပေးပြီးသွားပြီ။ ကျွန်တော်တို့ ဘာမှ လုပ်စရာမလိုဘူး။ ထပ်ဖြည့်စွက်စရာမလိုဘူး။ သခင်ယေရှုရဲ့ လက်ဝါးကပ်တိုင်ပေါ်က လုပ်ဆောင်ချက် သက်သက်ကြောင့် ဖြစ်ပါတယ်။ ယနေ့ ကယ်တင်ခြင်းစိတ်ချမှုမရှိတဲ့သူတွေဟာ လက်ဝါးကပ်တိုင်ပေါ်က သခင်ယေရှုရဲ့လုပ်ဆောင်ချက်ကို ရှင်းလင်းစွာ သဘောမပေါက်လို့ ဖြစ်ပါတယ်။

သခင်ယေရှုကို ဘုရားတွေအများကြီးထဲက (၁) ဆူပေါ့လို့ ယုံတာ မဟုတ်ပါဘူး။ သခင်ယေရှုဟာ ကျွန်တော့်ကို အပါယ်ငရဲကနေ ကယ်တင်သော ကယ်တင်ရှင်ဘုရားအဖြစ် ယုံကြည်တာပါ။

"မိမိလူတို့ကိုအပြစ်မှ ကယ်ချွတ်မည့်သူဖြစ်သောကြောင့် ယေရှုဟူ သော အမည်ဖြင့် မှည့်ရမည်" (မဿဲ ၁း၂၁)

**မိတ်ဆွေဟာ သခင်ယေရှုကို "စိတ်နှလုံး အကြွင်းမဲ့ ကယ်တင်ရှင်ဘုရား" အဖြစ် ယုံကြည်ပါသလား?**

**(၄) ယုံတော့ဘာဖြစ်သွားလဲ ?**

သခင်ယေရှုကို ကယ်တင်ရှင်ဘုရားအဖြစ်ယုံကြည်တဲ့အခါ သင် ဘာဖြစ်သွားသလဲ သိပါသလား . . .

**ဖြေ – ဘုရားသားဖြစ်ပါတယ်။**

**"သင်တို့အပေါင်းသည် ယေရှုခရစ်ကို ယုံကြည်သဖြင့် ဘုရားသခင်၏ သားဖြစ်ကြ၏" (ဂလာ ၃း၂၆)**

"ထိုသူကို လက်ခံသမျှသောသူတည်းဟူသော ကိုယ်တော်ကို ယုံကြည်သောသူတို့အား ဘုရားသခင်၏ သားဖြစ်ရသောအခွင့်ကို ပေးတော်မူ၏။ ထိုသားတို့မူကား လူမျိုးနှင့်စပ်ဆိုင်၍ ဘွားသောသား မဟုတ်။ မေထုန်သံဝါသအားဖြင့် ဘွားသောသားမဟုတ်။ လူ့အလိုအလျောက် ဘွားသော သားမဟုတ်။ ဘုရားသခင်ဘွားတော်မူသောသားဖြစ်သတည်း" (ယော ၁း၁၂–၁၃)

သခင်ယေရှုကိုယုံကြည်တဲ့သူ ကောင်းကင်ဘုံ ဝင်ခွင့်ရတယ်ဆိုတာ တခြားကြောင့် မဟုတ်ပါဘူး။ ဘုရားသားဖြစ်လို့ပါ။

နေထိုင်ခွင့်ရတာဟာ တော်စပ်မှုနဲ့ ဆိုင်ပါတယ်။ ဘုရားသားအဖြစ် နဲ့ တော်စပ်မှုရှိသောကြောင့် ဘုရားသခင်ရဲ့ အိမ်တော် (ကောင်းကင်ဘုံ) မှာနေထိုင်ခွင့် ရပါတယ်။

သားသမီးဟာ မိဘအိမ်မှာ နေခွင့်ရတယ်ဆိုတာ သူ့ရဲ့လုပ်ဆောင် ချက်တွေနဲ့မဆိုင်ပါဘူး။ သားသမီးဖြစ်ခြင်းနဲ့ပဲ ဆိုင်ပါတယ်။ ထိုနည်းတူ ကောင်းကင်ဘုံ ဝင်ခွင့်ရတယ်ဆိုတာ ဘာလုပ်သလဲ ဆိုတဲ့ အပေါ် မူမတည်ပါဘူး။ သူဟာ ဘုရားသားဖြစ်တယ်ဆိုတဲ့အပေါ်မှာပဲ မူတည်ပါတယ်။ ဒါကြောင့် ကောင်းကင်ဘုံ ဆိုတာ –

**ဘုရားသားသမီးများ စုဝေးရာဖြစ်ပါတယ်။ သူတော်ကောင်းများ စုဝေးရာမဟုတ်ပါဘူး။ ခရစ်ယာန် ဘာသာဝင်တွေ ရောက်တဲ့နေရာ မဟုတ်ပါဘူး။**

**နှစ်ခြင်းခံထားသူတွေ ရောက်တဲ့နေရာ မဟုတ်ပါဘူး။**

**မိတ်ဆွေကောင်းလို့ ကောင်းကင်ဘုံရောက်တာ မဟုတ်ပါဘူး။ ဘုရားသားဖြစ်လို့ရောက်တာပါ။**

**မိတ်ဆွေဟာ ဘုရားသား ဖြစ်ပြီလား ?**

ဘုရားသားဖြစ်တဲ့သူဟာ ဝိညာဉ်ထဲမှာ ဘုရားပေးသော သက်သေ ရှိပါတယ်။ သူဟာ ကောင်းကင်ဘုံကို ဝင်မယ် ဆိုတဲ့ စိတ်ချမှုလည်း အပြည့်ရှိပါတယ်။

**"ငါတို့သည် ဘုရားသခင်၏ သားဖြစ်ကြသည်ဟု ဝိညာဉ်တော်သည် ငါတို့၏ဝိညာဉ်နှင့်အတူ သက်သေခံတော်မူ၏" (ရော ၈း၁၆)**

ဘုရားသခင်ပေးသော သက်သေနှင့်စိတ်ချမှုကို မရသေးသော သူတွေအားလုံးဟာ ဘာသာရေးသမားတွေပဲ ဖြစ်ပါတယ်။

ဘာသာရေးသမားတွေဟာ ကောင်းကင်နိုင်ငံ မရောက်ပါဘူး။

သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် ယုံကြည်တဲ့ ဘုရားသားတွေပဲ ကောင်းကင်နိုင်ငံဝင်ရမှာဖြစ်ပါတယ်။

**ဘာသာရေးသမားတွေဟာ ကြိုးစားသူတွေ ဖြစ်ပါတယ်။**

**ဘုရားသခင်၏လူဆိုတာ ယုံကြည်သူတွေ ဖြစ်ပါတယ်။**

ဤစာအားဖြင့် မိတ်ဆွေရဲ့ အသက်တာမှာ ဝိညာဉ်အလင်းရ၍ ဘုရားသခင်၏ ကောင်းကြီးသက်ရောက်ပါစေ . . .

**ဇော်သူလင်း**

# အသိသင့်ဆုံးအရာ / ပျောက်နေလား

မိတ်ဆွေ ကိုယ့်ရဲ့ဖြစ်ခြင်းအမှန်ကို မသိတဲ့ နောက်ကွယ်မှာ ဆုံးရှုံးမှုတွေ အများကြီး ရှိပါတယ်။ ဒါကြောင့် မိတ်ဆွေ ဘာလုပ်နေတယ်ဆိုတာထက် ဘယ်က လာတယ်၊ ဘယ်သူဖြစ်တယ်၊ တစ်နေ့ ဘယ်ကို သွားရလိမ့်မယ်ဆိုတာက ပိုပြီး အရေးကြီးနေလို့ တိတိကျကျ သိရှိဖို့လို အပ်ပါတယ်။

လူဟာ ဘယ်ကလာတယ် ဆိုတဲ့ မေးခွန်းရဲ့ နောက်ကွယ်မှာ သို့လော၊ သို့လော၊ အတွေးတွေနဲ့ အဖြေကို ရှာနေတတ်ကြပါတယ်။ အချို့က လူဟာမျောက်ကနေ ဆင့်ကဲဖြစ်လာတာလို့ ဆိုပါတယ်။ ဒါဆိုရင် ဒီနေ့အထိ တောထဲမှာရော၊ တိရိစာန်ရုံတွေမှာပါ ရှိနေကြတဲ့ မျောက်တွေဟာ ဘာကြောင့် လူဖြစ်မလာကြသလဲ။

တကယ်တော့ ဒီဆင့်ကဲဖြစ်ရပ်ကို လက်ခံတဲ့သူဟာ လူနဲ့ တိရိစ္ဆာန်ရဲ့ အဓိက ခြားနားချက်ကို မသိလို့ဘဲ ဖြစ်ပါတယ်။ ဒါ့ကြောင့် သေချာစွာ သိနိုင်ဖို့အတွက် လူရဲ့အစကို လေ့လာဖို့ လိုပါတယ်။

လူကို ဘုရားသခင်က မြေမှုန့်နဲ့ ဖန်ဆင်းပြီး ဇီဝအသက် မှုတ်သွင်းပေးလို့ အသက်ရှင်တဲ့သတ္တဝါ ဖြစ်လာပါတယ်။ (ကမ္ဘာဦးကျမ်း ၂ း ၇)။

ဒီနေ့ လူတော်တော်များများက ငါကြိုးစားလို့ ရပ်တည်နိုင်တာ၊ ငါလုပ်လို့ ရတာနဲ့ အသက်ရှင်နေတာရယ်လို့ ပြောတတ်ကြပါတယ်။ ဒါဆိုရင် အခု နင်းနေတဲ့ မြေကြီးကို လူက လုပ်ထားတာလား။ ရှူနေတဲ့ လေ၊ သောက်နေတဲ့ ရေ၊ အလင်းအိမ်ကြီးတွေ ဖြစ်နေတဲ့ နေ၊ လ၊ ကြယ်စတာတွေကို လူတွေက ဖန်ဆင်းထားတာလား။ တကယ်တော့ ဒီအရာတွေဟာ လူကို ဖန်ဆင်းတဲ့ ဘုရားသခင်က ဖန်ဆင်းထားလို့ ဖြစ်တည်နေတာ ဖြစ်ပါတယ်။

လူမှာ တိရိစ္ဆာန်နဲ့ လုံးဝ မတူတဲ့ ခြားနားချက်ကတော့ ဝိညာဉ်ရှိတာပါပဲ။ ဝိဆိုတာ အထူး၊ ညာဉ် ဆိုတာ သိခြင်း ဖြစ်လို့ ဝိညာဉ် ရဲ့ အဓိပါယ်က အထူးသိခြင်း ပဲ ဖြစ်ပါတယ်။

အဲဒီဝိညာဉ်က ဖန်ဆင်းရှင် ဘုရားသခင်ကို ကိုးကွယ်ဖို့၊ ဆက်သွယ်ဖို့ ဖြစ်ပေမယ့် လူဟာ ဘုရားသခင်ရဲ့ စကားကို နားမထောင်တဲ့ အပြစ်ကြောင့် ဝိညာဉ် အမှောင်ကျပြီး ဘုရားသခင်နဲ့ အဆက်အသွယ် ပြတ်ကာ အပြစ်သား ဖြစ်လာရပါတယ်။ အဲဒီအပြစ်ရဲ့ အဖိုးအခကတော့ သေခြင်းပဲ ဖြစ်ပါတယ် (ရောမ ၆း၂၃)။

ဒီတော့ အပြစ်ရှိတဲ့သူရဲ့လားရာဟာ ငရဲပဲ ဖြစ်တော့ ကောင်းတာကို ဘယ်လောက်ပဲလုပ်လုပ်၊ အပြစ်ဗီဇက ပါလာပြီဆိုတော့ ကြိုးစားလဲ အချည်းနှီးပါပဲ။

ဒါပေမယ့် စိတ်မပျက်ပါနဲ့ မိတ်ဆွေ။ မိတ်ဆွေရဲ့ ကောင်းကင်သွားရမယ့်လမ်းကို ယေရှုဘုရားဆိုတဲ့ ကယ်တင်ရှင်က လက်ဝါးကားတိုင်အားဖြင့် ပြသပေးခဲ့ပါပြီ။ လူတွေရဲ့ အပြစ်အားလုံးကို သူ့ရဲ့အသွေးတော်နဲ့ ဆေးကြောပြီး (၁ ယော ၁း ၇)၊ အသေခံတဲ့ ယေရှုဟာ (၃) ရက်မြောက်သောနေ့မှာ ပြန်လည် ရှင်ပြန်ထမြောက်ခဲ့ပါပြီ။

သေခြင်းကို အောင်မြင်တဲ့ ဘုရားစစ်ဖြစ်လို့ သူ့ကိုစိတ်နှလုံးထဲမှာ ယုံကြည်လက်ခံလိုက်တာနဲ့ ကောင်းကင်ဘုံကို အရောက် ပို့ဆောင်ပေးနိုင်တဲ့ အရှင်ဖြစ်ပါတယ်။

ဒါ့ကြောင့် မိတ်ဆွေ အနေနဲ့ အသိသင့်ဆုံး အရာက ဘယ်အရာလဲဆိုတာ အဖြေရှာတွေ့နိုင်ပါစေ။

**ပျောက်နေလား**

မိတ်ဆွေ အသက်တာ၌ ပစ္စည်း တစ်စုံတစ်ခု ပျောက်တာ ကြုံဖူးပါသလား။ ပြန်တွေ့လျှင် မည်သည့်အတိုင်းအတာအထိ ပျော်ရွှင်ခဲ့ပါသလဲ။ မတွေ့လျှင် မည်မျှ

စိတ်ဆင်းရဲခဲ့ပါသလဲ။

တစ်ဦးနှင့်တစ်ဦး ခံစားပုံချင်းတော့ ကွဲပြားပေလိမ့်မည်။ တချို့က သူခိုးဖမ်းနည်းပေါင်းမျိုးစုံ တွေးတောပေမည်။ တချို့မှာမူ ဝမ်းနည်းပေလိမ့်မည်။ အချို့မှာလည်း စိတ်ဆိုးပေလိမ့်မည်။

သခင်္ချိုင်းရ ပစ္စည်းအတွက် ဤမျှ စိတ်သောက ရောက်နေကြလျှင် ထာဝရအတွက် ပို၍ပင် စိုးရိမ်စရာဖြစ်နေသည်။

ထာဝရ ဘုရားသခင်သည် လူသားကို ဖန်ဆင်းပြီး သူ၏ အသက်ဝိညာဉ်ကို ထည့်ထားပေးသည်။ (ကမ္ဘာဦးကျမ်း ၁း၂၆-၂၇၊ ၂း ၇)။ သို့သော် ဘုရားသခင်၏ စကားတော်ကို နားမထောင်သည့် အချိန်မှစ၍ လူသည် အပြစ်သား ဖြစ်လာရသည်။ (ကမ္ဘာဦးကျမ်း ၃း၆၊၁၉)။ မူလ ရှိရမည့်နေရာမှ ပျောက်သွားရသည်။ အပြစ်၏အခသေခြင်းကို ခံရမည့်သူ ဖြစ်လာသည်။ (ရောမ ၆း၂၃)။

ဘုရားသခင်သည် မေတ္တာတော်ရှင်ဘုရားဖြစ်သည့်အတွက် ပျောက်သောသူတို့အား ကယ်တင်ရန် သူ၏ တစ်ပါးတည်းသောသားတော် ယေရှုခရစ်တော်ကို ဤ လောကသို့ စေလွှတ်ခဲ့သည်(လုကာ ၂း၁၁၊ ၁၉း၁၀)။ ယေရှုခရစ်တော်သည် လူသားအားလုံး၏ အပြစ်အတွက် လက်ဝါးကားတိုင်တွင် ကိုယ်စား အသေခံပြီး (၃) ရက်မြောက်သောနေ့တွင် ရှင်ပြန်ထမြောက်ခဲ့သည်။ (၁ကော ၁၅း ၃-၄)။ သူ၏ အသွေးတော်ဖြင့် လူသားများ၏ အပြစ်အားလုံးကို ဆေးကြောပေးခဲ့သည် (ဟေဗြဲ ၉း၂၂)။

ဤအရာသည် နေရာမှန် ပျောက်ဆုံးနေသော မိတ်ဆွေအတွက် သခင်ယေရှု လုပ်ဆောင်ပေးသော အရာဖြစ်သည်။ မိမိနေရာမှန်ကို ပြန်တွေ့နိုင်ရန် အတွက် သခင်ယေရှု လုပ်ဆောင်ပေးသောအရာကို စိတ်နှလုံးသားထဲမှ ယုံကြည်လက်ခံပါ။ နှုတ်မှ ကယ်တင်ရှင်ကို လက်ခံကြောင်း ပြောထုတ်ပါ။ ဤသို့ လုပ်ပါက မိတ်ဆွေသည် ပျောက်နေလား ဆိုသည့်မေးခွန်း၏ အဖြေကို ရှာတွေ့သူ ဖြစ်ပါပြီ (ရောမ ၁၀း ၉-၁၀)။

စာဖတ်သူတိုင်း ခဏတာ ပျောက်သောအရာများနှင့် စိတ်သောက မရောက်ဘဲ ထာဝရအတွက် မပျောက်သူ ဖြစ်ရန် နေရာမှန် ဖြစ်သောကောင်းကင်အရပ်သို့ ကြွလှမ်းနိုင်ကြပါစေ။

ဆရာမ ခိုင်(မောင်ထော်လေး)

# ယုံကြည်ခြင်း

တစ်ခါတုန်းက ဒေသတစ်ခုမှာ ရာသီဥတုဖောက်ပြန်လို့ မိုးခေါင်ပြီး အလွန်ပူပြင်းခြောက်သွေ့နေပါတယ်။ လပေါင်းများစွာ မိုးမရွာလို့ စိုက်ပျိုးရေး တွေလည်းခက်ခဲပြီး ရပ်သူရွာသွားတွေ ဒုက္ခနဲ့ရင်ဆိုင်ရပါတယ်။

အဲဒီအရပ်မှာရှိတဲ့အသင်းတော်က တနင်္ဂနွေနေ့ ဝတ်ပြုစည်းဝေးခြင်းမှာ မနက်ဖြန်ကျရင် အသင်းသားတွေ ဘုရားကျောင်းမှာစုပေါင်းပြီး မိုးရွာဖို့ရန် ယုံကြည်ခြင်းနဲ့ဆုတောင်းကြမယ်လို့ ကြော်ငြာလိုက်ပါတယ်။

နောက်တစ်နေ့မနက်ကျတော့ အသင်းသူ၊ အသင်းသား တော်တော် များများ ဘုရားကျောင်းကိုရောက်လာပြီး နေ့တစ်ဝက်လုံးလုံး အကြီးအကျယ် ဆုတောင်းကြပါတယ်။

နေ့လည်ခင်းဆုတောင်းပြီးတာနဲ့ မိုးသားတွေတရိပ်ရိပ်တက်လာပြီး ခဏနေတော့ လပေါင်းများစွာ မိုးခေါင်နေတဲ့ဒေသဟာ အကြီးအကျယ် မိုးရွာသွန်းပါတယ်။

အသင်းသားများဟာ အံ့သြဝမ်းသာပြီး ဘုရားသခင်ကို ကျေးဇူးတော် ချီးမွမ်းကြပါတယ်။ မိုးရွာနေလို့ သူတို့အားလုံးလည်း မိုးမိပြီး ဘုရားကျောင်းထဲ မှာပဲ နေနေကြပါတယ်။ ထိုအချိန်မှာ လာဆုတောင်းတဲ့အထဲက လူငယ်လေး တစ်ယောက်က သူ့အိတ်ထဲကထီးကိုထုတ်ဆောင်းပြီး မိုးရွာထဲမှာ အိမ်ပြန်သွား ပါတယ်။ ကျန်တဲ့သူအားလုံးက ထိုလူငယ်လေးကိုငေးကြည့်ပြီး ကျန်ခဲ့ပါတယ်။ ဘာကြောင့်လဲဆိုရင် အပြန်မှာမိုးမိမယ်လို့ သူတို့မျှော်လင့်မထားလို့ ဘယ်သူမှ ထီးယူမလာကြပါဘူး။ ထိုလူငယ်လေးကတော့ ဆုတောင်းပြီးရင် ကျိန်းသေ မိုးရွာမယ်ဆိုတဲ့ယုံကြည်ခြင်းနဲ့ အိမ်ကထွက်လာကတည်းက ထီးယူလာပါတယ်။

ကျန်တဲ့သူအားလုံးက လာဆုတောင်းပေမယ့် ပြီးရင်မိုးရွာမယ်ဆိုတဲ့ ယုံကြည်ခြင်းမရှိပါဘူး။

လူငယ်လေးကတော့ ဆုတောင်းပြီးရင်ကျိန်းသေမိုးရွာမယ်လို့ ယုံကြည်ထားပါတယ်။

အမည်မသိစာဆို

# စံထားလောက်သူ

အသက်တစ်ဆယ့်ကိုးနှစ်အရွယ်မှာ အိမ်ထောင်ကျတဲ့ ကျွန်မအဖို့ လောကကြီးအကြောင်းကို သိပ်သိလှပြီလို့ ထင်ခဲ့မိပေမယ့် တကယ်တမ်းမှာ ကျွန်မရဲ့ ယောက္ခမကြောင့်သာလျှင် ကျွန်မဟာ အိမ်ထောင်မှု ထိန်းသိမ်းတတ်လာခြင်း၊ သားသမီးများကို သွန်သင်တတ်လာခြင်းနှင့်အတူမိခင်ကောင်းအမျိုး သမီးတစ်ယောက်ဖြစ်လာခဲ့ပါတယ်။

သူမအသက်ငါးဆယ့်ငါးနှစ်အရွယ်မှာ ကျွန်မဟာ ထိုမိသားစုဝင်ဖြစ်လာခဲ့ပါတယ်။ ယခုဆိုလျှင် သူမအိမ်ဘေးမှာ ကျွန်မရဲ့ အိမ်ကိုဆောက်လုပ်ပြီး ဒီလယ်ကွင်းထဲမှာ ကျွန်မတို့ အတူတူနေထိုင်ခဲ့ကြတာ သုံးဆယ့်ငါးနှစ်ပင်ရှိပြီးဖြစ်၍ တစ်ဦးနှင့် တစ်ဦး အကူအညီလိုလျှင် တယ်လီဖုန်းပင်ဆက်စရာမလို၊ ကားနှင့်ပင်မောင်းသွားစရာမလိုဘဲ ကူညီယိုင်းပင်းနိုင်ခဲ့ကြပါတယ်။ ကျွန်မရဲ့ဘဝမှာ အခက်အခဲအမျိုးမျိုး၊ ပျော်စရာအမျိုးမျိုးကိုသူမနှင့်အတူ ဖြတ်ကျော်ကုန်လွန်ခဲ့ရတာမို့ အချိန်ကုန်မှန်းမသိကုန်ခဲ့ရပါတယ်။

သစ်ပင်စိုက်ခြင်း၊ ပေါင်းပင်သုတ်သင်ခြင်း ကိုတနေကုန် လုပ်ဆောင်ပြီးနောက် မောပန်းနွမ်းနယ်နေချိန်မှာ သူမဆီက "ထမင်းလာစားပါ သမီး"လို့ ဖိတ်ခေါ်သံလေးတွေကိုလည်း မကြာခဏကြား ရတတ်ပါတယ်။ အသားများ၊ အသီးအရွက်များတို့ကို ဘယ်ကဲ့သို့ ကြာရှည်ခံအောင် ထိန်းသိမ်းရသလဲဆိုတာ သူမ ပြသပေးတတ်သလို ညနေစာစားပြီးလျှင်တော့ ကျွန်မတို့ နှစ်ဦးသား မီးဖိုချောင်မှာ အတူတကွ သန့်ရှင်းရေးလုပ်လေ့ရှိကြပါတယ်။ အမဲသားချက်နည်း ပြုတ်နည်းအမျိုးမျိုးကို သူမ သင်ကြားပေးတတ်ပြီး ကျွန်မတို့နှစ်ဦးသား အကျီချုပ်သင်တန်း ကိုလည်း အတူတူတက်ခဲ့ကြဘူးပါတယ်။ ထိုအကျီချုပ်သင်တန်း မှရရှိသောပညာနဲ့ သူမ ကိုယ်တိုင် ကျွန်မအတွက် အကျီချုပ်ပေးရင်း သူမရဲ့ လက်ရာနဲ့ ပတ်သက်ပြီး ဟာကွက်များကို ကျွန်မအား ဝေဖန်ခိုင်းရင်းနဲ့ တဦးနဲ့တဦး မိတ်သဟာရဖွဲ့ ခြင်းသည်ပင်လျှင် ပျော်စရာတမျိုးဖြစ်ခဲ့ရပါတယ်။ တစ်ခါတစ်ရံ ကျွန်မရဲ့ ခင်ပွန်းသည်နှင့်အတူ အလုပ်လုပ်ကြတဲ့ အမျိုးသားများအတွက် လိုအပ်မယ့် အရာများကို မြို့ပေါ်တက်ပြီး ဆောင်ရွက်ပေးကြရတဲ့အခါ ကျွန်မတို့နှစ်ဦးသား ဈေးဝယ်ဖို့ အချိန်ကလေးကို ရအောင် ဖန်တီးယူပြီး မိသားစုအတွက် လိုအပ်တဲ့ ပစ္စည်းနဲ့ စားစရာများကို တပါတည်း ယူသွားနိုင်အောင် စီစဉ်လိုက်ကြတဲ့ အခါတွေမှာလည်း ပျော်စရာကောင်းလှတယ်လို့ ကျွန်မခံစားခဲ့ရပါတယ်။

နှစ်ကြာလာသည်နှင့်အမျှ ကျွန်မတို့နှစ်ဦးကြားမှာ သံယောဇဉ်ကြိုးချည်နှောင်လာပြီး ကျွန်မဘာဘဲပြောပြော သူမ စိတ်ဝင်တစား နားထောင်ပေးတတ်သလို သူမရဲ့ ထွေးပိုက် ယုယမှုနဲ့ကြင်နာမှုကိုလည်း ကျွန်မ အမြဲတမ်းခံစားရပါတယ်။ ကျွန်မ အိမ်ထောင်ကျခါစ သားသမီးသိပ်လိုချင်နေတဲ့အချိန်မှာ ကလေးမရနိုင်ခဲ့တုံးကလည်း သူမဟာ ကျွန်မကို သိပ်သနားပြီး ကျွန်မနှင့်အတူ နှစ်နဲ့ချီပြီး ဆုတောင်းပေးခဲ့ပါတယ်။ နောက်ဆုံး ကျွန်မတို့မိသားစုမှာ ပထမဦးဆုံးကလေးကိုရတဲ့အခါမှာလည်း သူမလည်း ကျွန်မနဲ့ထပ်တူ ပျော်ရွှင်ဝမ်းမြောက်ခြင်းကို ခံစားခဲ့ရပါတယ်။ ဒီလိုနဲ့အချိန် တွေကုန်လာလိုက်တာ သူမ အသက်ရှစ်ဆယ်ပြည့်ခါနီးမှာ သူမဟာ သိပ်မေ့တတ်တာကို ကျမ သတိထားမိပြီး ထိုကြောက်စရာကောင်းလှတဲ့ မေ့တတ်တဲ့ရောဂါဆိုးကြီး (Alzheimer)ဟာလည်း သူမရဲ့ဘဝကို စတင်ပြီး လွှမ်းမိုးလာပါ တယ်။ ယခုဆိုလျှင် သူမရဲ့ အသက်ကိုးဆယ်ရှိပြီး နွေမိုးဆောင်းဆိုတာတွေကိုလည်း သူမ မသိတော့ပါဘူး။ ဘာပွဲတော်လာမလဲ ဆိုတာကိုပင် မသိတော့ရုံမျှမက မိသားစုဝင်များရဲ့ ဝင်ထွက်သွားလာခြင်းနဲ့ အလည်အပတ်ပြုခြင်းကိုပင် မသိတော့ပါဘူး။ သူမ နှစ်သက်သော အိမ်မှုကိစ္စများကိုလုပ်ရန်လည်း သူမ အတွက် အဆင်မပြေတော့ပါဘူး။ တစ်ခါတစ်ရံ သူမရဲ့ ခင်ပွန်းကိုပင် သူမ မမှတ်မိတော့ဘဲ ဘယ်ကလူစိမ်းတစ်ယောက် ငါတို့ အိမ်ထဲကိုရောက်နေပါလိမ့်ဆိုပြီး ကြောက်နေတတ်ပါတယ်။ သို့သော် ကျွန်မကို တွေ့လိုက်ရတဲ့အခါတိုင်း သူမရဲ့စိတ်ဟာ တည်ငြိမ်သွားတတ်ပြီး မျက်လုံးလေးပါအရောင်တောက်ပလာကာ "ကျေးဇူးတင်လိုက်တာကွယ်။ မင်းကိုတွေ့ရတာ ငါ့ညီမ ကိုတွေ့ရသလိုဘဲ။ မင်းရှိပေလို့ဘဲ တော်ပါသေးရဲ့နော်" လို့ ပြောတတ်ပါတယ်။

ဤမျှချစ်စရာကောင်းတဲ့ ကျွန်မရဲ့ ယောက္ခမမှာ ဘာကြောင့်များ ဒီရောဂါဖြစ်ရပါလိမ့်ဆိုတာကို ကျွန်မနားမလည်သော်လည်း သူမကို တွေ့လိုက်ရတိုင်း သူမရဲ့ မျက်လုံးထဲမှာ ဘုရားသခင်ကို ကျွန်မတွေ့နေရသလို ခံစားရပြီး သူမအားဖြင့် ဘုရား

သခင်ဟာ ကျွန်မနဲ့ သိပ်နီးတယ်လို့ ကျွန်မ အမြဲခံစားရပါတယ်။ သူမရဲ့ အခြေအနေ တိုးတက်ဖို့ ကျွန်မဘာမှမလုပ် ပေးနိုင်သော် လည်း သူမကို ပြုစုဖို့နဲ့ မေတ္တာပေးဖို့ ကျွန်မ အစဉ်အမြဲ အဆင်သင့်ရှိနေပါတယ်။ ဒါကလည်း သူမရဲ့ ကောင်းသော သွန်သင်မှုနဲ့ လမ်းပြမှုများကြောင့်သာလျှင် ဖြစ်ပါတယ်။

*ဘုရားသခင်၏ နှုတ်ကပတ်တရားတော်ကို ကဲ့ရဲ့ခြင်းနှင့် ကင်းလွတ်စိမ့်သောငှာ၊ အသက်ပျိုသောမိန်းမတို့သည် ကိုယ်ခင်ပွန်းကိုချစ်သောသူ၊ သားသမီးကိုချစ်သောသူ၊ အိန္ဒြေ စောင့်သောသူ၊ စင်ကြယ်သောသူ၊ မိမိအိမ်ကိုပြုစုသောသူ၊ ကောင်းမွန်သောသူ၊ ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံသောသူ ဖြစ်စေခြင်းငှာ၊ အသက်ကြီးရင့်သော မိန်းမတို့သည် ဆုံးမပေးရကြမည်. . . .။ (တိတု ၂း၄)*

*-စတယ်လာဝေ-*

*(Judy A. Wagner ၏ Nuturing Across The Generations ကို ဆီလျော်အောင် ဘာသာပြန်ဆိုသည်)*

# ရ တ နာ ည ချမ်း

ညီအစ်ကိုနှစ်ဦးဟာ လယ်ယာအတူတူလုပ်ရင်း မိဘများချန်သွားပေးတဲ့ ဤလယ်ကွင်းမှာ အိမ်အသီးသီးဆောက်လျှက်နေထိုင်ကြပါတယ်။ နေ့လည်တွင် လုပ်ငန်းခွင်မှာ အတူတူ လုပ်ကိုင်ကြပြီးနောက် ညအချိန်ဆိုရင် မိမိတို့အိမ်သို့ပြန်ကြပါတယ်။ အစ်ကိုဖြစ်သူက အိမ်ထောင်သည်ဖြစ်ပြီး မိသားစုလည်းရှိပါတယ်။ ညီဖြစ်သူက လူပျိုပင်ဖြစ်သော်လည်း လုပ်ငန်းမှ ရတဲ့ အကျိုးအမြတ်ကိုတော့ တစ်ဝက်စီ ခွဲဝေယူလေ့ရှိပါတယ်။ တစ်ညမှာ လူလွတ်ဖြစ်သောညီငယ်က "ငါ့အစ်ကိုမှာ သူ့ရဲ့ မိသားစုကြီးကို ကြည့်ရှုပြုစုပေးရမယ့်တာဝန်ရှိတယ်။ တကယ်တမ်း ဝင်ငွေကျတော့ ငါနဲ့အတူတူဘဲရတယ်။ သနားပါတယ်"လို့ စဉ်းစားရင်း အစ်ကို့ကိုချစ်သောစိတ်ဖြင့် အစ်ကိုတို့ မိသားစုမှာ လိုအပ်နေသောအရာများကို မိမိရသောငွေဖြင့် ဝယ်ခြမ်းပြီး အစ်ကိုရဲ့အိမ်ရှေ့မှာ တိတ်တဆိတ်သွားချထားရန် ကြံစည်လိုက်ပါတယ်။ ထိုညမှာ အစ်ကိုဖြစ်သူကလည်း "ငါ့ညီလေးဟာ တစ်ဦးတည်းနေရရှာတယ်။ သားမယားကလည်းမရှိတော့ မိသားစုရဲ့ ယုယမှုနဲ့၊ နွေးထွေးမှုကိုသူ မရရှာပါလား"လို့ စဉ်းစားမိရင်း ညီငယ်လေးအတွက် မိမိအိမ်မှဖုတ်သော ပေါင်မုန့်ကို ကြိမ်ခြင်းလေးထဲထည့်ပြီး အဝတ်ထူထူလေးနှင့် ထုတ်ပြီးနောက် ညီငယ်ရဲ့အိမ်ရှေ့မှာ အသာလေးသွားချထားရန် ကြံစည်လိုက်ပါတယ်။ ဒီလိုနဲ့ ညကြီးအချိန်မတော် နှစ်ယောက်သားဟာ တစ်ပြိုင်နက်ထဲ မိမိတို့အိမ်မှ ထွက်ခွာလာကြရာ အမှောင်ထဲမှာ နှစ်ဦးသား ထိပ်တိုက်ဆုံမှဘဲ မိမိတို့ထွက်လာရတဲ့အကြောင်းရင်းကို အချင်းချင်းဝန်ခံရဖို့ဖြစ်လာပါတယ်။ ဒီအခါ နှစ်ဦးသား တစ်ဦးကိုတစ်ဦးဖက်လျက် ဝမ်းသာအားရငိုကြွေးမိကြပါတော့တယ်။ သူတို့နှစ်ဦးစလုံးရဲ့ အဖိုးတန်ရတနာကတော့ တစ်ဦးရဲ့မေတ္တာကိုတစ်ဦး အသိအမှတ်ပြုခြင်းနဲ့ တစ်ဦးရဲ့လိုအပ်ချက်ကို တစ်ဦးလေးစား ညှာတာခြင်းပါဘဲလားဆိုတာ နှစ်ဦးသား သိရှိခံစားသွားကြရပါတယ်။

*ညီအစ်ကိုတို့သည် သဘောတူလျက် ပေါင်းဘော်ကြသည်အရာမှာ အလွန်ကောင်းပေ၏။ အလွန်တင့်တယ်လျောက်ပတ်ပေ၏။ (ဆာလံ၊၁၃၃း၁)*

-စတယ်လာဝေ-

*(God's Little Devotional Bookတွင်ပါရှိသည့် Nighttime Treasuresကိုဆီလျော်အောင် ဘာသာပြန်ဆိုသည်)*